## ဓမ္မစေတီနှင့် အိန္ဒိယ သတင်းစာဆရာ

လွန်ခဲ့သည့် ၁၉၅၆ ခုနှစ်လောက်က ဖြစ်သည်။ အိန္ဒိယမှ သတင်းစာဆရာအဖွဲ့ တစ်ဖွဲ့သည် မြန်မာပြည်သို့ ရောက်လာ၏။ သတင်းစာဆရာ လေးငါးဦးတို့သည် ရန်ကုန်သို့ရောက်ခိုက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံသို့ တွေ့ဆုံရန် သွားရောက်ကြလေ၏။ ကျွန်တော်က စကားပြန် အဖြစ်နှင့် လိုက်ပါသွားရ၏။ ထိုအချိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ မကွယ်လွန်သေးပေ။ အိန္ဒိယ သတင်းစာဆရာများသည် ဆရာကြီးနှင့် တွေ့ခိုက် သူတို့ မေးမြန်းလိုသည့် မေးခွန်းများကို မေးကြသည်။ ဆရာကြီးကလည်း စိတ်ရှည် လက်ရှည်ဖြင့် ပြန်လှန် ဖြေကြားလေသည်။ သတင်းစာဆရာများထဲမှ ဗာရာဏသီမြို့မှ ဟိန္ဒီ ဘာသာဖြင့် ထုတ်ဝေသည့် "အာဂျ်" သတင်းစာ၏ အယ်ဒီတာ ဖြစ်သော မစ္စတာ လက်ချမီဗျာဆ် အမည်ရှိ ပုဂ္ဂိုလ်က ဆရာကြီးအား မေးခွန်း အဆန်း တစ်ခုကို မေးလေသည်။

'ဆရာကြီး ရေးခဲ့တဲ့ စာအုပ်တွေထဲက ဆရာကြီး အကြိုက်ဆုံး၊ အကျေနပ်ဆုံး စာအုပ်ဟာ ဘယ်စာအုပ်ပါလဲ။ ကျွန်တော်တို့ သိပါရစေ'

ထိုအခါ ဆရာကြီးက ခဆိုင်းမတွပင် ပြန်လှန် ဖြေကြားလိုက်လေသည်။

'ကျုပ်ရေးခဲ့တဲ့ စာအုပ်တွေထဲက ကျုပ်အနေနဲ့ ဓမ္မစေတီ ဆိုတဲ့ ဝတ္ထုကို အကြိုက်ဆုံးပဲ။ မြန်မာရာဇဝင်မှာ သာသနာပြု မင်းတစ်ပါး အဖြစ်နဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ ပဲခူး ဟံသာဝတီဘုရင် ဓမ္မစေတီ အကြောင်းကို ရေးသားထားတဲ့ ဝတ္ထု ဖြစ်တယ်'

အိန္ဒိယ သတင်းစာဆရာများသည် မြန်မာနိုင်ငံမှ အိန္ဒိယပြည်သို့ ပြန်သွားကြလေ၏။ အိန္ဒိယ သတင်းစာဆရာများ အိန္ဒိယပြည်သို့ ပြန်လည်ရောက်ရှိ



ပြီးနောက် ရက်လ အနည်းငယ် ကြာသောအခါ အိန္ဒိယမှ ထုတ်ဝေသည့် မဂ္ဂဇင်း တစ်စောင်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိသည့် အိန္ဒိယ သတင်းစာဆရာ၏ ဆောင်းပါးတစ်ပုဒ် ပါလာလေသည်။ ထိုဆောင်းပါး၌ မြန်မာနိုင်ငံအကြောင်းကို ရေးသားရင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း အကြောင်းကို တခမ်းတနား ထည့်သွင်း ရေးသားထားလေသည်။ ထိုဆောင်းပါးထဲ၌ "ငြိမ်းချမ်းရေးဆုရ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားခဲ့သည့် စာအုပ်များထဲက ဆရာကြီး ကိုယ်တိုင် အကျေနပ်ဆုံး၊ အနှစ်သက်ဆုံး စာအုပ်မှာ ဓမ္မစေတီ ဝတ္ထု ဖြစ်သည်" ဟု ရေးသား ဖော်ပြထားလေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သောအခါ ရွှေကိုင်းသားသည် လှုထုသတင်းစာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း ဆောင်းပါးရေးသားလေ၏။ ထိုဆောင်းပါး၌ အိန္ဒိယ သတင်းစာဆရာနှင့် ဓမ္မစေတီ ဝတ္ထုအကြောင်းကို ထည့်သွင်းရေးသားထားလေသည်။

ဓမ္မစေတီ ဝတ္ထုကား လွန်ခဲ့သည့် နှစ်ပေါင်း ငါးရာခန့်က ဟံသာဝတီ ပဲခူးတွင် အုပ်စိုးသွားခဲ့သည့် မြန်မာသမိုင်းတွင် ထင်ပေါ်ကျော်ကြားသည့် ဓမ္မစေတီ မင်းအကြောင်း ရေးသားထားသည့် ဝတ္ထုဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းငါးရာခန့်က ရာမညတိုင်း မွန်ပိုင်းသုံးရပ်တွင် ဘုရင်မကြီး ရှင်စောပု အုပ်ချုပ် မင်းလုပ်သည်။ ရှင်စောပုသည် ရာဇပရိယာယ် ကြွယ်ဝလှသည်။ ရှင်စောပုတွင် မွေးစားသားနှစ်ယောက် ရှိ၏။ ဓမ္မစေတီနှင့် ဓမ္မညာဏတို့ ဖြစ်ကြ၏။ ရှင်စောပုသည် သမီးတော် အကြီး ဝိဟာရဒေဝီနှင့် ဓမ္မစေတီကို ပေးစားလို၏။ ဝိဟာရဒေဝီက ဓမ္မစေတီကို မကြိုက်ပေ။ ဗညားအိန်ကိုသာ ချစ်နေ၏။ ဝိဟာရဒေဝီနှင့် ဗညားအိန်တို့ ညားသွားကြလေ၏။ ထို့ကြောင့် သမီးတော် အငယ်နှင့်သာ ဓမ္မစေတီကို ပေးစားလိုက်ရ၏။

ဗညားအိန်နှင့် ဝိဟာရဒေဝီကို ပုသိမ်သို့ ပို့ထား၏။ စစ်မက်ရေးရာကြောင့်ဟု ပရိယာယ်ဆင်ပြီး ပို့ထားခြင်း ဖြစ်သည်။ အမှန်မှာ ဓမ္မစေတီကို အိမ်ရှေ့အရာ၌ ထားလို၍ ဗညားအိန်ကို အဝေးသို့ ပို့ခြင်း ဖြစ်လေသည်။

ဓမ္မစေတီသည် ဥပရာဇာ အိမ်ရှေ့မင်း ဖြစ်လာသည်။ ထိုနောက် မြန်မာသမိုင်းတွင် ထင်ရှားကျော်ကြားသော မင်းတစ်ပါး ဖြစ်လာသည်။

မြန်မာနိုင်ငံ သမိုင်း၌ ဗုဒ္ဓသာသနာကို ပြုစုပျိုးထောင်ခဲ့သည့် ဘုရင်များ ပေါ်ပေါက်ခဲ့ကြသည်။ ပုဂံခေတ်တွင် အနော်ရထာသည် သထုံမှ ပိဋကတ်ကို ပင့်ဆောင်လျက် သာသနာပြုခဲ့သည်။ တောင်ငူခေတ်တွင် ဘုရင့်နောင်သည် သာသနာ့ရန်ဆူးရန်ငြောင့်များကို နှိမ်နင်းလျက် သာသနာ့အရောင်ကို တောက်



ပြောင်စေခဲ့သည်။ ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်းတရားကြီးသည် ပဉ္စမ သင်္ဂါယနာတင်လျက် သာသနာ့သမိုင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးခဲ့လေသည်။

ဓမ္မစေတီမင်းသည်လည်း မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ သာသနာ့ဒါယကာအဖြစ်နှင့် ထင်ပေါ်ကျော်ကြားသော ဘုရင်တစ်ပါး ဖြစ်လေ၏။ ကိုယ်တိုင်က ပိဋကတ်ကျမ်းဂန်များကို တတ်ကျွမ်းနှံ့စပ်သူ ဖြစ်သဖြင့် ပိဋကတ်ပြန့်ပွားရေးနှင့် ဗုဒ္ဓတရား ထွန်းကားရေးကို အထူးကြိုးပမ်း အားထုတ်ခဲ့လေသည်။ ဓမ္မစေတီမင်းကြီးသည် မြန်မာနိုင်ငံမှ သာသနာရေးမစ်ရှင် အဖွဲ့တစ်ခုကိုလည်း သီဟိုဠ်နိုင်ငံသို့ စေလွှတ်ခဲ့ဖူးသည်။

ပဲခူးသို့ ရောက်ရှိသူတိုင်း ကလျာဏီသိမ်ကို တွေ့မြင် သိရှိရပေလိမ့်မည်။ ထိုကလျာဏီသိမ်အနီး၌ ကျောက်စာများ ရေးထိုးထားသည်ကိုလည်း တွေ့ရှိပေလိမ့်မည်။ ယင်းကျောက်စာကား ဓမ္မစေတီမင်းကြီး ရေးထိုးထားခဲ့သည့် ကလျာဏီကျောက်စာ ဖြစ်လေ၏။

မြန်မာနိုင်ငံ သာသနာ့သမိုင်းကို လေ့လာသူတိုင်း ထိုကျောက်စာကို ကိုးကားရသည်။ ထိုကျောက်စာမှာ ပါဠိဘာသာဖြင့် ဖြစ်ပြီး မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ဘာသာပြန်ဆိုထားကြသည်။ ရွှေတိဂုံဘုရားတွင်လည်း ဓမ္မစေတီမင်းကြီး ရေးထိုးထားသည့် ကျောက်စာတစ်ချပ် ရှိသည်။ ယင်းကျောက်စာတွင်လည်း ဓမ္မစေတီမင်းကြီး၏ သာသနာရေးဆိုင်ရာ ပြုမူဆောင်ရွက်ချက်များကို ဖော်ပြထားသည်။

ဓမ္မစေတီမင်းကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိ စေတီတော်၏ ပုံသဏ္ဌာန် အမှန်အကန် အတိအကျ ရရှိစေရန်အတွက် အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ စေလွှတ်ပြီး ကူးယူစေခဲ့ဖူးသည်။

ရာဇဝင်ဝတ္ထု ရေးရာ၌ အချို့က ရာဇဝင်ခေတ်ကိုသာ ယူ၍ ဇာတ်ဆောင်များကို မိမိကိုယ်တိုင် ဖန်တီးယူကြ၏။ အချို့က ရာဇဝင်တွင် တကယ်ရှိသည့် ပုဂ္ဂိုလ်များကို ဝတ္ထု၏ ဇာတ်ဆောင်အဖြစ် ရွေးချယ်ကြသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရာဇဝင်တွင် တကယ်ရှိခဲ့သည့် ဓမ္မစေတီမင်းကို သူ့သမိုင်းဝတ္ထု၏ ဇာတ်ဆောင်အဖြစ် ရွေးချယ်ထားပေ၏။

သို့ရာတွင် ဆရာကြီးသည် ဓမ္မစေတီမင်းကြီး၏ ဘဝဇာတ်လမ်းကို ဆုံးခန်းအထိ သူ့ဝတ္ထုတွင် ဖော်ပြမသွားနိုင်ခဲ့ပေ။ ဆရာကြီးသည် ဓမ္မစေတီမင်းကြီး၏ အောင်မြင်မှုအချိန်မှ စတင်သည့် ဖြစ်ရပ်များကို သီးသန့် ဝတ္ထု တစ်ပုဒ် ရေးသားလိုသည့်ဆန္ဒ ရှိခဲ့ဟန် တူသည်။ ရေးသားမည် ဟူ၍လည်း



ဤဝတ္ထုအဆုံးအတွင် ဖော်ပြထား၏။ သို့ရာတွင် ယင်းဆန္ဒသည် အထမမြောက် ခဲ့ပေ။

"ဓမ္မစေတီဝတ္ထု" တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ပြောင်မြောက်သော လက်ရာကို တွေ့ရှိရပေလိမ့်မည်။ ဝတ္ထုတွင် အသေသာ၊ အလွမ်း၊ အချစ်နှင့် တကွ ဇာတိမာန် တက်ကြွဖွယ်ရာ စစ်မက်ရေးရာတို့ကို အသေးစိတ် ရေးသားထားသည်။ ဆရာကြီး၏ ငယ်မူ ငယ်ကာလနှင့် ရင့်ကျက်လာသော ကာလ၏ အကြားတွင် နိုင်နင်းစွာ ကွန့်ခဲ့သော ကလောင်၏ စွမ်းရည်ကို ဓမ္မစေတီဝတ္ထုတွင် တခမ်းတနား တော်ရှုရပေလိမ့်မည်။

ဝါရှု